## အာရက္ခရေးရာအထူးလေ့လာချက်

# ကြားကာလ အုပ်ချုပ်ရေးနှင့် တရားရေးအောက်က အာရက္ခဒေသရှိ အမျိုးသမီးများ၏ လုံခြုံရေးနှင့် ဂုဏ်သိက္ခာ

**အမှတ် (၉) ၊ ၂၀၂၆ ခုနှစ်**

**အမျိုးသမီးရေးရာကဏ္ဍ**



ရခိုင်ပြည်တွင်း တစ်နေရာ၌ အမျိုးသမီးလစဉ်သုံးပစ္စည်း(Pad) များကို ဖြန့်ဝေပေးနေပုံ
(source@burmanewsinternational)

**ဩဂုတ် ၁၇ ၊ ၂၀၂၆ ခုနှစ်**

## ၁။နိဒါန်း

| | |
|---|---|
| **(က) အဓိကအကြောင်းအရာ** | အာရက္ခတပ်တော် (AA) ထိန်းချုပ်ဒေသများတွင် အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အဓမ္မပြုကျင့်မှု၊ အဓမ္မပြုကျင့်ရန် ကြိုးစားမှု၊ သတ်ဖြတ်မှုများ၊ ခြိမ်းခြောက်မှုများနှင့် ထိုဖြစ်စဉ်များအပေါ် တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးဆိုင်ရာ တုံ့ပြန်အရေးယူမှုများကို လေ့လာခြင်း |
| **(ခ) နယ်မြေဒေသ** | အာရက္ခတပ်တော် ထိန်းချုပ်ရာ ဒေသများ |
| **(ဂ) အချိန်ကာလ** | ၂၀၂၄ ခုနှစ် စက်တင်ဘာလမှ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ |

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ရခိုင်ပြည်အတွင်း တကျော့ပြန်တိုက်ပွဲများ ပြန်လည်ပြင်းထန်လာပြီးနောက် အာရက္ခတပ်တော် (AA) ၏ နယ်မြေထိန်းချုပ်မှုနှင့်အတူ ရခိုင်ပြည်အတွင်း လုံခြုံရေး၊ အုပ်ချုပ်ရေးနှင့် လူမှုရေးအခြေအနေများတွင် သိသာထင်ရှားသော ပြောင်းလဲမှုများ ဖြစ်ပေါ်လာခဲ့သည်။ အာရက္ခတပ်တော် ထိန်းချုပ်ထားသည့် ဒေသများတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အုပ်ချုပ်မှုယန္တရားများ တည်ဆောက်လာသကဲ့သို့ အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် အဓမ္မပြုကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ အချို့ဖြစ်စဉ်များတွင် မုဒိမ်းကျင့်ပြီးနောက် သတ်ဖြတ်မှုများ ဖြစ်ပေါ်လာခြင်းသည် အမျိုးသမီးများ၏ လုံခြုံရေးနှင့် တရားမျှတမှုရရှိရေးအပေါ် စိုးရိမ်မှုများကို မြင့်တက်စေခဲ့သည်။

အဆိုပါ ဖြစ်စဉ်များအနက် အချို့တွင် ကျူးလွန်သူများကို ဖမ်းဆီးစုံစမ်း၍ တရားစွဲဆိုခြင်းနှင့် ထောင်ဒဏ်များ၊ အမြင့်ဆုံးပြစ်ဒဏ်များ ချမှတ်ခြင်းတို့ ရှိခဲ့သော်လည်း အချို့ဖြစ်စဉ်များတွင် ကျူးလွန်သူများ ထွက်ပြေးလွတ်မြောက်နေခြင်း၊ အမှုများ အချိန်ကြာမြင့်စွာ စီရင်ချက်မချနိုင်သေးခြင်း၊ အာမခံဖြင့် ပြန်လည်လွတ်မြောက်လာခြင်းနှင့် တရားရေးလုပ်ငန်းစဉ်များအပေါ် ပွင့်လင်းမြင်သာမှုနှင့် ထိရောက်မှုဆိုင်ရာ မေးခွန်းထုတ်မှုများလည်း ပေါ်ပေါက်လာခဲ့သည်။ ယင်းအခြေအနေများသည် ကျူးလွန်ခံရသူများနှင့် မိသားစုများ၏ တရားမျှတမှုရရှိရေးအပြင် အမျိုးသမီးနှင့် ကလေးသူငယ်များ၏ လုံခြုံရေးအပေါ် စိုးရိမ်မှုများကို ပိုမိုမြင့်တက်စေခဲ့သည်။

ဤလေ့လာချက်သည် ၂၀၂၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း ရခိုင်ပြည်ရှိ အာရက္ခတပ်တော် ထိန်းချုပ်ဒေသများတွင် ဖြစ်ပွားခဲ့သည့် အဓမ္မပြုကျင့်မှုနှင့် ဆက်စပ်ရာဇဝတ်မှုများကို ခြုံငုံလေ့လာထားခြင်းဖြစ်ပြီး၊ ဖြစ်စဉ်များ၏ ပုံစံများ၊ ကျူးလွန်ခံရသူများအပေါ် သက်ရောက်မှုများနှင့် ကျူးလွန်သူများအား ဖမ်းဆီးအရေးယူခြင်း၊ တရားစီရင်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းဆိုင်ရာ အခြေအနေများကို ဒေသတွင်းသတင်းမီဒီယာများမှ ရရှိသည့် အချက်အလက်များအပေါ် အခြေခံ၍ စုစည်းတင်ပြထားသည်။

## ၂။ အချက်အလက်အကျဉ်းချုပ်

### ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ

**(၁) ဆမီးမြို့တွင် ချင်းအမျိုးသမီးတစ်ဦး အုပ်စုဖွဲ့မုဒိမ်းကျင့်ခံရ၊ ကျူးလွန်သူဟုဆိုသူ ထွက်ပြေးနေ**

၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ပလက်ဝမြို့နယ်၊ ဆမီးမြို့ရှိ AA စခန်းအနီး၌ ဒေသခံချင်းအမျိုးသမီးတစ်ဦးကို အမည်မသိအမျိုးသားတစ်စုက အုပ်စုဖွဲ့ မုဒိမ်းကျင့်ကာ သတိလစ်သည်အထိ ရိုက်နှက်ပြီး ချောင်းစပ်တွင် စွန့်ပစ်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အသက် ၂၄ နှစ်အရွယ် ကိုကျော်ထွန်းလင်းဆိုသူမှာ ကျူးလွန်သူများထဲမှ တစ်ဦးဖြစ်ကြောင်း စွပ်စွဲခံထားရပြီး ထွက်ပြေးနေသဖြင့် AA က ဖမ်းဝရမ်းထုတ်ခဲ့သည်ဟု သိရသည်။ ၎င်း၏ ဖမ်းဝရမ်းပါအချက်အလက်ကို ၂၀၂၅ ခုနှစ် ဧပြီလ ၂၁ ရက်တွင် AA နှင့် နီးစပ်သူတစ်ဦးက လူမှုကွန်ရက်ပေါ်တွင် ထုတ်ဖော်ခဲ့သည်။ သို့သော် ကျူးလွန်သူဟု စွပ်စွဲခံထားရသူကို ထိရောက်စွာ ဖမ်းဆီးအရေးယူနိုင်ခြင်း မရှိသေးသဖြင့် ဒေသခံများက တရားဥပဒေစိုးမိုးရေးအပေါ် စိုးရိမ်မှုများနှင့် ဝေဖန်မှုများ ရှိနေကြသည်။

### ၂၀၂၅ ခုနှစ်၊ ဧပြီလ

**(၂) အာရက္ခတပ်တော်ထိန်းချုပ်ရာ ပလက်ဝမြို့နယ်တွင် အာရက္ခတပ်တော်တပ်သားနှစ်ဦး မုဒိမ်းမှုကျူးလွန်**

အာရက္ခတပ်တော်ထိန်းချုပ်ရာ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ် စိမ့်စင်းဝကျေးရွာတွင် ဧပြီ ၅ ရက်နေ့တွင် အာရက္ခတပ်တော် တပ်သားနှစ်ဦးမှ ခုမီးအမျိုးသမီးတစ်ဦးအား မုဒိမ်းကျင့်ခဲ့ပြီးနောက် သတ်ဖြတ်ရန် ကြိုးပမ်းခဲ့သော်လည်း မိသားစုဝင်တစ်ဦး ရောက်ရှိလာသဖြင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ တပ်သားနှစ်ဦးက ကျူးလွန်မှုကို ဝန်ခံကာ၊ အဆိုပါ ကျူးလွန်သူ တပ်သားနှစ်ဦးအား သေဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

**(၃) မောင်တောမြို့နယ်တွင် အသက် ၁၂ နှစ်အရွယ် မိန်းကလေးအား ပထွေးဖြစ်သူမှ လပေါင်းများစွာ အဓမ္မပြုကျင့်**

မောင်တောမြို့နယ်တောင်ပိုင်း ချရားတန်းကျေးရွာတွင် အသက် ၁၂ နှစ်အရွယ် မိန်းကလေးတစ်ဦးကို အသက် ၄၀ အရွယ် ပထွေးဖြစ်သူက ၂၀၂၄ ခုနှစ် နိုဝင်ဘာလမှစတင်ကာ အဓမ္မပြုကျင့်ခဲ့ပြီး၊ အမှုမပေါ်ပေါက်စေရန် မိန်းကလေးနှင့် မိခင်ဖြစ်သူကို ခြိမ်းခြောက်ထားခဲ့ပြီး နောက်ပိုင်းတွင် ဒေသခံများ၏ တိုင်ကြားချက်အရ အာရက္ခတပ်တော်က ဧပြီ ၂၇ ရက်၊ ၂၀၂၅ ခုနှစ်တွင် အဆိုပါ

ကျူးလွန်သူကို ဖမ်းဆီးခဲ့ကြောင်းသိရသည်။ ကျူးလွန်သူအား ထိုက်သင့်သည့် ပြစ်ဒဏ်ချမှတ်ပေးရန် ဒေသခံများမှ တောင်းဆိုခဲ့ကြသည်။

## ၂၀၂၅ ခုနှစ်၊ မေလ

### (၄) မင်းပြားမြို့နယ်တွင် အသက် ၉ နှစ်အရွယ် မိန်းကလေး အဓမ္မပြုကျင့် သတ်ဖြတ်ခံရ

မင်းပြားမြို့နယ်၊ ဖားပြိုကျေးရွာတွင် အသက် ၉ နှစ်အရွယ် မိန်းကလေးတစ်ဦးသည် မေလ ၂ ရက်နေ့တွင် အဓမ္မပြုကျင့်ခံရပြီးနောက် သတ်ဖြတ်ခံခဲ့ရကာ အလောင်းကို ကျေးရွာအနီး သစ်ပင်တစ်ပင်တွင် ကြိုးဖြင့် ချည်နှောင်ထားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သတ်၍ အသက် ၃၀ ကျော်အရွယ် မောင်မြသန်းကို အာရက္ခပြည်သူ့လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဌာန (DLEPS) က မေလ ၆ ရက်တွင် ဖမ်းဆီးခဲ့သည်။ ထို့နောက် ရခိုင်အရပ်ဖက်အဖွဲ့အစည်း ၁၁ ဖွဲ့ က အမှုကို ဘက်မလိုက်ဘဲ အချိန်မီစုံစမ်းစစ်ဆေး၍ ကျူးလွန်သူအား ထိရောက်စွာအရေးယူရန်၊ ကျန်ရစ်သူမိသားစုအတွက် တရားမျှတမှုအာမခံပေးရန်နှင့် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အလားတူအကြမ်းဖက်မှုများ မဖြစ်ပွားစေရန် ကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များ ချမှတ်ရန် အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ၏ တရားစီရင်ရေးဌာနကို တောင်းဆိုခဲ့ကြသည်။

### (၅) ဆမီးဒေသတွင် အမျိုးသမီးနှစ်ဦး မုဒိမ်းကျင့်သတ်ဖြတ်ခံရ

၂၀၂၅ ခုနှစ် မေလအတွင်း ပလက်ဝမြို့နယ်၊ ဆမီးဒေသတွင် အမျိုးသမီးနှစ်ဦး မုဒိမ်းကျင့်ခံရပြီး ရက်စက်စွာ သတ်ဖြတ်ခံရသည့် ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။ မေလ ၂၃ ရက်တွင် ဆမီးမြို့၊ ပီဝကျေးရွာမှ အသက် ၂၇ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို မုဒိမ်းကျင့်သတ်ဖြတ်ပြီး ခြေလက်များကြိုးတုတ်ထားသည့် ရုပ်အလောင်းကို ပီဝနှင့် ကျီဝကျေးရွာကြားတွင် ဒေသခံများက တွေ့ရှိခဲ့သည်။ ထို့နောက် မေလ ၂၆ ရက်တွင် ရွှေလိုင်ပွိကျေးရွာမှ အသက် ၆၈ နှစ်အရွယ် အမျိုးသမီးတစ်ဦးလည်း မုဒိမ်းကျင့်ခံရပြီး ဓားဒဏ်ရာ၊ ထိုးကြိတ်ဒဏ်ရာများအပြင် ဆံပင်ဖြတ်ခံထားရခြင်းနှင့် လိင်အင်္ဂါ ထိခိုက်ပျက်စီးသည့် ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို မေလ ၂၉ ရက်တွင် ရွာသားများက တွေ့ရှိခဲ့သည်။ ဖြစ်စဉ်များကြောင့် ဆမီးဒေသခံများအကြား အမျိုးသမီးများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအပေါ် စိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။

## ၂၀၂၅ ခုနှစ်၊ ဇွန်

### (၆) မြေပုံတွင် မုဒိမ်းကျင့်ရန်ကြံစည်မှု တစ်နှစ်ကြာအမှုစစ်ဆေးပြီးနောက် တရားခံကို ပြန်ဖမ်းဆီး

ရခိုင်ပြည်၊ မြေပုံမြို့နယ်၊ လွန်းလုံးပိုက်ကျေးရွာတွင် ၂၀၂၄ ခုနှစ် ဇွန်လ ၂၀ ရက်နေ့က အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို အသက် ၂၄ နှစ်အရွယ် သားမောင်ချေ (ခ) မျိုးသက်နိုင်က

အိမ်သာသို့သွားနေစဉ် လည်ပင်းညှစ်ကာ မုဒိမ်းကျင့်ရန်နှင့် သတ်ဖြတ်ရန် ကြိုးစည်ခဲ့ကြောင်း သိရသည်။ ကျေးရွာသားတစ်ဦးက တွေ့ရှိသွားသဖြင့် အမျိုးသမီးမှာ လွတ်မြောက်ခဲ့သည်။

ဖြစ်စဉ်အပြီး ULA/AAက တရားခံကို ဖမ်းဆီးခဲ့သော်လည်း ၁၀ ရက်ခန့်အကြာတွင် အာမခံဖြင့် ပြန်လွတ်လာခဲ့ပြီး အမှုမှာ တစ်နှစ်ကျော်ကြာသည်အထိ ထူးခြားမှုမရှိဘဲ ကျူးလွန်သူက လွတ်လပ်စွာ နေထိုင်နေခဲ့ကြောင်း မိသားစုက ပြောသည်။ နစ်နာသူနှင့် မိသားစုမှာ ဖြစ်စဉ်ကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများခံစားခဲ့ရပြီး နေရာပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ ၂၀၂၅ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် DLEPS က တရားခံကို ပြန်လည်ဖမ်းဆီးခဲ့ပြီး အာမခံဖြင့် လွတ်ပေးခဲ့သည့် တရားသူကြီးကိုလည်း စစ်ဆေးခဲ့ကြောင်း သိရသည်။ မိသားစုဝင်များက အမှုကို ထိရောက်စွာ စစ်ဆေးပြီး ကျူးလွန်သူအား ထိုက်တန်သည့် ပြစ်ဒဏ်ချမှတ်ပေးရန် တောင်းဆိုထားကြသည်။

## ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ

### (၇) အမျိုးသမီး ၁၁ ဦးအား အဓမ္မပြုကျင့်ခဲ့သည့်တရားခံကို အာရက္ခပြည်သူ့အစိုးရမှ ထောင်ဒဏ် ၄၀ နှစ် ချမှတ်

၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း ကျောက်တော်၊ မြောက်ဦးနှင့် ပုဏ္ဏားကျွန်းမြို့နယ်များမှ အမျိုးသမီး (၁၁) ဦးအား အဓမ္မပြုကျင့်ကြောင်း ဝန်ခံထားသည့် အသက် (၂၅) နှစ်အရွယ် မောင်ဇော်ဇော်နိုင် (ခ) လဖြူချေအား အမှု (၄) ခု အတွက် စုစုပေါင်း ထောင်ဒဏ် နှစ် (၄၀) ချမှတ်ခဲ့ပြီး၊ ကျန်အမှု (၇) ခုကို ဆက်လက် စုံစမ်းနေကြောင်း သိရသည်။ ကျူးလွန်ခံရသူများအနက် အသက်မပြည့်သေးသူများလည်း ပါဝင်ပြီး အသက် ၁၄ နှစ်အရွယ် မိန်းကလေးတစ်ဦးကို အလုပ်ပေးမည်ဟု လိမ်လည်ခေါ်ဆောင်ကာ ခြိမ်းခြောက်၍ အကြိမ်ကြိမ် အဓမ္မပြုကျင့် ခဲ့ကြောင်း သိရသည်။

### (၈) အမ်းမြို့နယ်တွင် ဖခင်အရင်းက သမီးကို ၆ နှစ်ကြာ အဓမ္မပြုကျင့်၊ DLEPS က ဖမ်းဆီး

အမ်းမြို့နယ် ရက္ခတိန်တိုက်နယ်၊ ကျွဲကူးဆိပ်ကျေးရွာတွင် အသက် ၃၈ နှစ်အရွယ် ဖခင်တစ်ဦးက ၎င်း၏သမီးအရင်းကို အသက် ၁၂ နှစ်အရွယ်မှစ၍ ၆ နှစ်ကြာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခဲ့ပြီး လက်ရှိတွင် သမီးဖြစ်သူ အသက် ၁၈ နှစ်အရွယ်၌ ဖခင်နှင့်ရရှိသည့် ကိုယ်ဝန် ၂ လ လွယ်ထားရကြောင်း သိရသည်။ ဖြစ်စဉ်ကို ကျူးလွန်သူ၏ မိခင်က DLEPS ထံ တိုင်ကြားခဲ့ပြီး ဦးညီလှကို ဖမ်းဆီးကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေကြောင်း သိရသည်။ အမျိုးသမီးအဖွဲ့များက ကျူးလွန်သူအား အရေးယူခြင်းအပြင် ကျူးလွန်ခံရသူ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပြန်လည်နာလန်ထူရေးအတွက် အထောက်အပံ့များ လိုအပ်ကြောင်း ထောက်ပြထားသည်။

### (၉) မြောက်ဦးတွင် စစ်ဘေးရှောင်အမျိုးသမီးအား အဓမ္မပြုကျင့်ရန် ကြိုးစည်သည့် ကျေးရွာအုပ်ချုပ်ရေးမှူး ဖမ်းဆီးခံရ

မြောက်ဦးမြို့နယ်၊ ဆင်ခြံကျေးရွာရှိ စစ်ဘေးရှောင်စခန်းတွင် ခိုလှုံနေသည့် စစ်တွေမှ

စစ်ဘေးရှောင် အမျိုးသမီးတစ်ဦးအား အသက် ၄၇ နှစ်အရွယ် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်အေးညွန့်က စက်တင်ဘာ ၅ ရက်နေ့ ညတွင် အဓမ္မပြုကျင့်ရန် ကြံစည် ခဲ့ကြောင်း သိရသည်။ အရက်သေစာသောက်စားထားပြီး အမျိုးသမီး နေထိုင်ရာနေအိမ်သို့ ဝင်ရောက်ကာ အဝတ်အစားချွတ်၍ အဓမ္မပြုကျင့်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ကျူးလွန်သူ ဦးမောင်အေးညွန့်ကို DLEPS က ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

## ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ

### (၁၀) ပလက်ဝတွင် အသက် ၁၆ နှစ်အရွယ် မိန်းကလေးကို မုဒိမ်းမှုကျူးလွန်သူအား ဖမ်းဆီးစဉ် ဓားဖြင့်ခုခံ

ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဒလက်ကိုင်းကျေးရွာတွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၉ ရက်နေ့က အသက် ၁၆ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို အသက် ၄၆ နှစ်အရွယ် ဦးထွန်းလှိုင်က တောစပ်သို့ အတင်းအဓမ္မခေါ်ဆောင်ကာ သုံးကြိမ်တိုင်တိုင် မုဒိမ်းကျင့်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်ကို မိန်းကလေးငယ်က ဖခင်အား ပြန်လည်ပြောပြခဲ့ပြီး ဖခင်က ထိုနေ့တွင် DLEPS ထံ တိုင်ကြားခဲ့သည်။ DLEPS က တရားခံကို ဖမ်းဆီးရန် လိုက်လံရှာဖွေခဲ့သော်လည်း ထွက်ပြေးသွားခဲ့ပြီး နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ၎င်း၏နေအိမ်၌ ပြန်လည်တွေ့ရှိခဲ့သည်။

ဖမ်းဆီးစဉ် ဦးထွန်းလှိုင်က ဓားဖြင့်ခုခံခဲ့သော်လည်း DLEPS တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဖမ်းဆီးနိုင်ခဲ့ပြီး ပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်အရေးယူခဲ့ကြောင်း သိရသည်။ နစ်နာသူ မိန်းကလေးငယ်ကိုလည်း ဆေးစစ်ဆေးရန် ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

## ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ

### (၁၁) မောင်တောမြို့နယ်တွင် အသက် ၆ နှစ်အရွယ် မိန်းကလေးငယ် အဓမ္မပြုကျင့်ခံရ

မောင်တောမြို့နယ်တောင်ပိုင်း အောင်သုခကျေးရွာတွင် အသက် (၆) နှစ်အရွယ်မိန်းကလေးငယ်တစ်ဦးကို အသက် (၅၀) အရွယ် အမျိုးသားတစ်ဦးက အိမ်သို့ခေါ်ဆောင်ကာ အဓမ္မပြုကျင့်ခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ ရက်နေ့တွင် ဖြစ်ပွားခဲ့ပြီး ကျူးလွန်သူကို ဇန်နဝါရီ ၁၈ ရက်နေ့တွင် DLEPS က ဖမ်းဆီး၍ အမှုဖွင့် စစ်ဆေးနေကြောင်း သိရသည်။ ဒေသခံများနှင့် အရပ်ဘက်အဖွဲ့အစည်းများက သက်ငယ်မုဒိမ်းမှုဖြစ်သဖြင့် ကျူးလွန်သူကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူပြီး နစ်နာသူမိသားစုအတွက် တရားမျှတမှု ရရှိစေရန် တောင်းဆိုထားကြသည်။

## ၂၀၂၆ ခုနှစ်၊ မတ်လ

### (၁၂) ပေါက်တောတွင် သက်ငယ်မုဒိမ်းမှုဖြစ်၊ ကျူးလွန်သူ ထွက်ပြေးလွတ်မြောက်နေ

ရခိုင်ပြည်၊ အာရက္ခတပ်တော်ထိန်းချုပ်ရာ ပေါက်တောမြို့နယ်၊ အလယ်ဖရုံကာကျွန်း၊ ဖဒူကြီး ကျေးရွာတွင် ၂၀၂၆ ခုနှစ် မတ်လ ၃ ရက်နေ့က အသက် ၈ နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးကို အသက် ၄၀ ဝန်းကျင် ဦးထွန်းအောင်ချေက အဓမ္မပြုကျင့်ခဲ့ကြောင်း သိရသည်။ ကျူးလွန်သူကို မတ်လ ၄ ရက်နေ့တွင် ဖမ်းဆီးနိုင်ခဲ့သော်လည်း DLEPS ၏ ပေါ့ဆမှုကြောင့် နောက်ပိုင်းတွင် ပြန်လည်လွတ်မြောက်သွားပြီး ဇူလိုင်လ အထိ ၅ လကျော်ကြာ မဖမ်းဆီးနိုင်သေးကြောင်း သိရ သည်။ အမှုမှာလည်း အမှတ် (၄) နယ်မြေရဲစခန်းတွင်သာ ရှိနေသေးပြီး တရားစွဲဆိုမှုအဆင့်သို့ မ ရောက်သေးသဖြင့် မိသားစုဝင်များက အမှု ပျောက်ကွယ်သွားမည်ကို စိုးရိမ်နေကြသည်။ မိသားစု ဝင်များက ကျူးလွန်သူကို အမြန်ဆုံး ပြန်လည်ဖမ်းဆီး၍ ထိရောက်စွာ အရေးယူပေးရန်နှင့် ကျူးလွန်သူ လွတ်မြောက်သွားမှုတွင် တာဝန်ရှိသူများကိုလည်း အရေးယူပေးရန် တောင်းဆိုထား ကြသည်။

### (၁၃) အသက် ၁၂ နှစ်အောက် မိန်းကလေးများကို မုဒိမ်းကျင့်သူများအား ထောင်ဒဏ်တစ်သက် အထိ ချမှတ်မည်ဟု AA ထုတ်ပြန်

ရခိုင်ပြည်တွင် အသက် ၁၂ နှစ်အောက် မိန်းကလေးငယ်များကို မုဒိမ်းမှုကျူးလွန်သူများအား ထောင်ဒဏ်တစ်သက်တစ်ကျွန်း သို့မဟုတ် ထောင်ဒဏ်အနှစ် ၂၀ အထိ ပြင်းထန်စွာ အရေးယူမည် ဟု အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ၏ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့လုံခြုံရေးဌာန (DLEPS) က မတ်လ ၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်ချက်တွင် ရာဇသတ်ကြီးပုဒ်မ ၃၇၆(၃) အရ အသက် ၁၂ နှစ်အောက် ကလေးငယ်များ အပေါ် မုဒိမ်းမှုကျူးလွန်ခြင်းကို ပြင်းထန်သော ပြစ်မှုအဖြစ် သတ်မှတ်ထားပြီး၊ မုဒိမ်းကျင့်ရန် ကြံစည်အားထုတ်မှုကိုလည်း ရာဇသတ်ကြီးပုဒ်မ ၃၇၆/၅၁၁ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်ကြောင်း ဖော်ပြထားသည်။

DLEPS က ကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မဖြစ်ပွားစေရန် မိဘများ အနေဖြင့် ကြိုတင်ကာကွယ်ပေးရန်၊ ကလေးများ ပွင့်လင်းစွာ ပြောဆိုနိုင်အောင် ပြုစုပျိုးထောင်ရန် နှင့် သံသယဖြစ်ဖွယ် ဖြစ်စဉ်များကို သက်ဆိုင်ရာထံ သတင်းပေးပို့ရန်လည်း အသိပေးထားသည်။

### (၁၄) မြောက်ဦးတွင် မိန်းကလေးငယ် ၄ ဦးအား အဓမ္မပြုကျင့်ရန် ကြံစည်သည့် ဘက ကျောင်းဆရာကို DLEPS ဖမ်းဆီး

မြောက်ဦးမြို့ရှိ ဘုန်းတော်ကြီးသင်ပညာရေး (ဘက) ကျောင်းမှ အသက် ၅၆ နှစ် အရွယ်

ကျောင်းဆရာ ဦးမောင်ငယ် (ခ) မောင်တင်နုကို အသက်မပြည့်သေးသည့် မိန်းကလေးငယ် ၄ ဦးအား လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုလုပ်ခဲ့ပြီး အဓမ္မပြုကျင့်ရန် ကြံစည်မှုဖြင့် DLEPS က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

အဆိုပါဆရာသည် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီတွင် အသက် ၈ နှစ်အရွယ် KG ကျောင်းသူတစ်ဦးအား လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုလုပ်ခဲ့ကြောင်းနှင့် ၂၀၂၅ ခုနှစ်အတွင်း အသက် ၆၊ ၇ နှင့် ၈ နှစ်အရွယ် ကျောင်းသူ ၃ ဦးကိုလည်း အလားတူပြုလုပ်ခဲ့ကြောင်း စုံစမ်းတွေ့ရှိခဲ့သည်။ မိဘများ၏ တိုင်ကြားချက်အရ DLEPS က ရာဇသတ်ကြီးပုဒ်မ ၃၇၆/၅၁၁ ဖြင့် အမှုဖွင့်ကာ ဖမ်းဆီးပြီး ဥပဒေအရ အရေးယူနေသည်။

သတင်းတွင် ရခိုင်အတွင်း သက်ငယ်မုဒိမ်းမှုများကို ထိရောက်စွာ တားဆီးနိုင်ရန် ကျူးလွန်သူများကို ပြင်းထန်စွာ အရေးယူသင့်ကြောင်းနှင့် မိဘများအနေဖြင့်လည်း ကလေးများ၏ လုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရန် တိုက်တွန်းထားသည်။

## ၂၀၂၆ ခုနှစ်၊ ဧပြီလ

### (၁၅) မြောက်ဦးမြို့နယ်တွင် ၄ နှစ်အရွယ် မိန်းကလေးငယ်အား အဓမ္မပြုကျင့်သူ ကို DLEPS မှ ဖမ်းဆီး

ရခိုင်ပြည်၊ မြောက်ဦးမြို့နယ် ပေါက်ပင်ကွင်းကျေးရွာတွင် အသက် ၆၀ အရွယ် အမျိုးသားတစ်ဦးက အသက် ၄ နှစ်အရွယ် မိန်းကလေးငယ်ကို လိမ်လည်ခေါ်ဆောင်ကာ အဓမ္မပြုကျင့်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၂ ရက်က ဖြစ်ပွားခဲ့ပြီး ကျူးလွန်သူကို အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရ၏ DLEPS က ဖမ်းဆီးကာ အမှုဖွင့် စစ်ဆေးနေကြောင်း သိရသည်။

### (၁၆) မောင်တောတွင် သက်ငယ်မုဒိမ်းမှုနှင့် အလောင်းဖျောက်ရန် ကြိုးပမ်းမှုဖြင့် ဖမ်းဆီးခံရသူ ပြန်လွတ်လာ၍ နစ်နာသူများ မကျေနပ်

မောင်တောမြို့နယ်၊ အောင်သုခကျေးရွာတွင် အသက် ၃ နှစ်အရွယ် မိန်းကလေးငယ်ကို အသက် ၁၆ နှစ်အရွယ် ယောကျာ်းလေးတစ်ဦးက အဓမ္မပြုကျင့် သတ်ဖြတ်ကာ အလောင်းဖျောက်ရန် ကြိုးပမ်းခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်သူ၏ မိခင်ကို DLEPS က ဖမ်းဆီးခဲ့ပြီးနောက် ဧပြီ ၁၇ ရက်တွင် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

နစ်နာသူမိသားစုက မုဒိမ်းမှု၊ လူသတ်မှု၊ အလောင်းဖျောက်ရန် ကြိုးပမ်းမှုနှင့် ပစ္စည်းလုယက်မှုတို့ဖြင့် အရေးယူပေးရန် တောင်းဆိုထားသော်လည်း မိခင်ဖြစ်သူ လွတ်မြောက်လာခြင်းနှင့်

အမှုစီရင်ချက်များကို မိသားစုထံ ပွင့်လင်းစွာ အသိပေးခြင်းမရှိခြင်းတို့ကြောင့် မကျေနပ်မှုများ ဖြစ်ပေါ်နေသည်။ ရွာသားများနှင့် နစ်နာသူမိသားစုဝင်များက ဧပြီ ၁၉ ရက်တွင် တရားရုံးရှေ့၌ တရားမျှတမှုရရှိရေး ဆန္ဒပြတောင်းဆိုခဲ့ကြသည်။

**(၁၇) သံတွဲတွင် အသက် ၁၃ နှစ်အရွယ် မသန်စွမ်းမိန်းကလေးငယ် အုပ်စုဖွဲ့မုဒိမ်းကျင့် သတ်ဖြတ်ခံရ၊ သံသယရှိသူတစ်ဦး လွတ်မြောက်နေ**

၂၀၂၆ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင်၊ အာရက္ခတပ်တော် ထိန်းချုပ်ရာ သံတွဲမြို့နယ်၊ ငပလီမြို့တွင် အသက် ၁၃ နှစ်အရွယ် မသန်စွမ်းမိန်းကလေးငယ်တစ်ဦးကို တစ်ရပ်ကွက်တည်းနေ အမျိုးသား ၅ ဦးက စတုဒီသာသွားစားရန် ခေါ်ဆောင်သွားပြီး အုပ်စုဖွဲ့ မုဒိမ်းကျင့်ကာ သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သံသယရှိသူ ၅ ဦးအနက် ၄ ဦးကို AA ၏ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့လုံခြုံရေးအဖွဲ့ (DLEPS) က ဖမ်းဆီးထားသော်လည်း ကျန်တစ်ဦးမှာ လွတ်မြောက်နေဆဲဖြစ်ပြီး၊ သံသယရှိသူအားလုံးကို ဖမ်းဆီးရမိခြင်းမရှိသေးသဖြင့် အမှုစစ်ဆေးမှု စတင်နိုင်ခြင်းမရှိဘဲ ကြန့်ကြာနေကြောင်း မိသားစုနှင့်နီးစပ်သူများထံမှ သိရသည်။

## ၂၀၂၆ ခုနှစ်၊ မေလ

**(၁၈) ဂွမြို့နယ်တွင် မွေးရာပါ ပိုလီယိုရောဂါရှိ အမျိုးသမီးကို မုဒိမ်းကျင့်သူနှစ်ဦးအား DLEPS ဖမ်းဆီး**

ရခိုင်ပြည်၊ အာရက္ခတပ်တော်ထိန်းချုပ်ရာ ဂွမြို့နယ်၊ ကြို့ချိုင်ကျေးရွာတွင် ၂၀၂၆ ခုနှစ် မေလ ၁ ရက်နေ့က အသက် ၂၅ နှစ်အရွယ် မွေးရာပါ ပိုလီယိုရောဂါရှိ အမျိုးသမီးတစ်ဦးကို တစ်ရွာတည်းနေ အသက် ၃၇ နှစ်အရွယ် ငအောင်နှင့် အသက် ၃၈ နှစ်အရွယ် စည်သူဝင်းတို့က မုဒိမ်းကျင့်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

နစ်နာသူအမျိုးသမီးက ဖြစ်စဉ်နှင့်ပတ်သက်၍ ပြန်လည်ပြောပြလာပြီးနောက် ရပ်ရွာလူကြီးများနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များက သက်ဆိုင်ရာ တိုက်နယ်အာဏာပိုင်များထံ အကြောင်းကြားခဲ့ကြောင်း သိရသည်။ ထို့နောက် အာရက္ခတပ်တော်၏ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူ့လုံခြုံရေးဌာန (DLEPS) က စွပ်စွဲခံရသူနှစ်ဦးကို ဖမ်းဆီးကာ အမှုဖွင့် စစ်ဆေးနေကြောင်း သတင်းတွင် ဖော်ပြထားသည်။

**(၁၉) ရခိုင်တွင် သက်ငယ်အဓမ္မပြုကျင့်မှုများ မြင့်တက်လာသဖြင့် ထိရောက်စွာ အရေးယူရန် တောင်းဆို**

၂၀၂၆ ခုနှစ် ဇန်နဝါရီမှ မေလအတွင်း ရခိုင်ပြည်တွင် အဓမ္မပြုကျင့်မှုဖြစ်စဉ် ၈ မှု ဖြစ်ပွားခဲ့ပြီး၊

၇ မှုမှာ အရွယ်မရောက်သေးသူများ ပါဝင်သည့် သက်ငယ်အဓမ္မပြုကျင့်မှုများဖြစ်ကြောင်း သတင်းဖော်ပြချက်အရ သိရသည်။ ဖြစ်စဉ်များမှာ မြောက်ဦး၊ ပေါက်တော၊ မောင်တော၊ ဂွ၊ သံတွဲ၊ ကျောက်တော်နှင့် ဘူးသီးတောင်တို့တွင် ဖြစ်ပွားခဲ့ပြီး တချို့ကျူးလွန်သူများကို ဖမ်းဆီးထားသော်လည်း တချို့မှာ လွတ်မြောက်နေဆဲဖြစ်ကြောင်း သိရသည်။

ရခိုင်အမျိုးသမီးအသိုင်းအဝိုင်းက ကျူးလွန်သူများကို အချိန်မီဖမ်းဆီး၍ ပြတ်ပြတ်သားသားနှင့် ထိရောက်စွာ အရေးယူရန် တောင်းဆိုထားသည်။ ထိရောက်သည့် အရေးယူမှု အားနည်းခြင်းကြောင့် အမျိုးသမီးနှင့် ကလေးသူငယ်များအတွက် လုံခြုံမှုစိုးရိမ်ချက်များ မြင့်တက်လာနေပြီး၊ DLEPS တပ်ဖွဲ့၊ တရားရေးနှင့် အုပ်ချုပ်ရေးအဖွဲ့များအနေဖြင့် တရားဥပဒေစိုးမိုးရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်ရန် လိုအပ်ကြောင်း ဒေသခံအမျိုးသမီးများက ထောက်ပြထားသည်။ AA ၏ ထုတ်ပြန်ချက်အရ သက်ငယ်အဓမ္မပြုကျင့်မှုအတွက် ထောင်ဒဏ် တစ်သက် သို့မဟုတ် ထောင်ဒဏ် ၂၀ နှစ်အထိ ချမှတ်နိုင်သည်ဟု သိရသည်။

## ၂၀၂၆ ခုနှစ် ဇူလိုင်လ

### (၂၀) ထောင်မှ ထွက်ပြေးလွတ်မြောက်နေသည့် မုဒိမ်းမှုကျူးလွန်သူကို DLEPS ပြန်လည်ဖမ်းဆီး

ရခိုင်ပြည်၊ ပေါက်တောမြို့နယ်မှ အသက် ၅၁ နှစ်အရွယ် ဦးကျော်ဝင်းချေသည် ရာဇသတ်ကြီး ပုဒ်မ ၃၇၆ (မုဒိမ်းမှု) ဖြင့် အကျဉ်းကျခံနေစဉ် ၂၀၂၆ ခုနှစ် မေလ ၇ ရက်နေ့တွင် အခြားမုဒိမ်းမှုကျူးလွန်သူတစ်ဦးနှင့်အတူ ထောင်မှ ထွက်ပြေးလွတ်မြောက်ခဲ့သည်။

၎င်းသည် ပုဏ္ဏားကျွန်းမြို့နယ်ရှိ စစ်ဘေးရှောင်စခန်းတွင် နေထိုင်စဉ် စစ်ဘေးရှောင်အမျိုးသမီး တစ်ဦးကို မုဒိမ်းကျင့်ခဲ့မှုဖြင့် ဖမ်းဆီးခံထားရသူဖြစ်သည်။ ဇူလိုင်လ ၂၆ ရက်နေ့တွင် မြေပုံမြို့နယ်၊ ပြင်ဝန်းကျေးရွာ၌ DLEPS က ပြန်လည်ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးချိန်တွင် လှေတစ်စီး၊ ဟွန်ဒါစက်တစ်လုံးနှင့် ဖုန်းနှစ်လုံးတို့ကိုလည်း တွေ့ရှိခဲ့ကြောင်း သိရသည်။

၎င်းနှင့်အတူ ထောင်မှထွက်ပြေးခဲ့သည့် ရသေ့တောင်မြို့နယ်မှ ဦးဘိုသန်းဝင်းမှာ လက်ရှိအချိန်အထိ လွတ်မြောက်နေဆဲဖြစ်ပြီး DLEPS က ဆက်လက်ရှာဖွေနေကြောင်း သိရသည်။

### (၂၁) ကျောက်တော်တွင် ညီအစ်မနှစ်ဦးကို လိင်ပိုင်းဆိုင်ရာကျူးလွန်ပြီး ထွက်ပြေးနေသူကို ၃ လ ကျော်အကြာတွင် DLEPS ဖမ်းဆီး

၂၀၂၆ ခုနှစ် ဧပြီလတွင် ရခိုင်ပြည်၊ ကျောက်တော်မြို့နယ်၊ သရက်တစ်ပင်အုပ်စု၊ သိန်းတန်ကျေးရွာတွင် အသက် ၄၀ ကျော်အရွယ် ဦးမောင်အေးလှက အသက် ၁၄ နှစ်အရွယ် မိန်းကလေးတစ်ဦးကို အဓမ္မပြုကျင့်ခဲ့ပြီး ၎င်း၏ ညီမဖြစ်သူ အသက် ၈ နှစ်အရွယ် မိန်းကလေးငယ်ကိုလည်း လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမူရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

မိန်းကလေးငယ်နှစ်ဦး၏ မိဘများက ဦးမောင်အေးလှ၏ ယာခင်းတွင် အလုပ်လုပ်နေချိန်ကို အခွင့်ကောင်းယူ၍ အစ်မဖြစ်သူကို မိဘများထံ လိုက်ပို့ပေးမည်ဟုဆိုကာ လမ်းတွင် အဓမ္မပြုကျင့်ခဲ့ပြီး၊ ညီမဖြစ်သူကိုလည်း မိဘများမရှိချိန်တွင် နေအိမ်၌ လိင်ပိုင်းဆိုင်ရာကျူးလွန်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

မိဘများက ၂၀၂၆ ခုနှစ် မေလ ၁၄ ရက်နေ့တွင် တရားရေးဌာနနှင့် DLEPS ထံ တိုင်ကြားခဲ့သော်လည်း စွပ်စွဲခံရသူမှာ ထွက်ပြေးတိမ်းရှောင်နေခဲ့သည်။ ထို့နောက် ဇူလိုင်လ ၂၉ ရက်နေ့တွင် သရက်တစ်ပင်ကျေးရွာအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း DMG သတင်းဌာနက ဖော်ပြခဲ့သည်။

## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

### (၂၂) အဓမ္မပြုကျင့်မှုများကို ပွင့်လင်းမြင်သာစွာ အရေးယူပေးရန် ရခိုင်အမျိုးသမီးများ တောင်းဆို

အာရက္ခတပ်တော် ထိန်းချုပ်ဒေသများတွင် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေပြီး၊ အမှုများကို ထိရောက်စွာ အရေးယူမှုနှင့် ပြစ်ဒဏ်ချမှတ်မှုများ ပွင့်လင်းမြင်သာမှုမရှိခြင်းအပေါ် ရခိုင်အမျိုးသမီးတက်ကြွလှုပ်ရှားသူများက ဝေဖန်ထားသည်။ DMG ၏ အချက်အလက်အရ ၂၀၂၄ ဇန်နဝါရီမှ ၂၀၂၆ ဇူလိုင်အထိ ရခိုင်နှင့် ပလက်ဝဒေသများတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ၁၆ ခုထက်မနည်း ဖြစ်ပွားခဲ့ပြီး ၃ မှုတွင် ကျူးလွန်သူများ ထွက်ပြေးလွတ်မြောက်နေသည်။ ထို့ကြောင့် ULA/AA ၏ DLEPS နှင့် တရားရေးဌာနများအနေဖြင့် အမှုများကို ထိရောက်စွာ စုံစမ်းအရေးယူခြင်း၊ ပြစ်ဒဏ်များကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခြင်းနှင့် အမျိုးသမီးများ၏ လုံခြုံရေးနှင့် ပြည်သူများ၏ ယုံကြည်မှုကို အာမခံပေးရန် တောင်းဆိုထားသည်။

### (၂၃) ပုဏ္ဏားကျွန်းတွင် အမျိုးသမီး မုဒိမ်းကျင့် သတ်ဖြတ်ခံရမှု၌ ကျူးလွန်သူ ၃ ဦးကို ပြစ်ဒဏ်ချမှတ်

ပုဏ္ဏားကျွန်းမြို့နယ်၊ အောင်ဆိပ်ကျေးရွာမှ အသက် ၂၃ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ဇူလိုင်လ ၁၈ ရက်နေ့တွင် ပျောက်ဆုံးခဲ့ပြီး ဇူလိုင်လ ၂၂ ရက်နေ့တွင် တန်းစွယ်ရွာအနီး၌ မုဒိမ်းကျင့် သတ်ဖြတ်ခံထားရသည့် ရုပ်အလောင်းကို တွေ့ရှိခဲ့သည်။ သေဆုံးသူ၏ ခန္ဓာကိုယ်တစ်ခုလုံးတွင် ဓားဒဏ်ရာများ တွေ့ရှိရပြီး လက်နှစ်ဖက်ကို လက်ထိပ်ခတ်ကာ ခြေထောက်နှစ်ဖက်ကိုလည်း ကြိုးဖြင့်ချည်နှောင်ထားသည့်အပြင် မုဒိမ်းကျင့်ပြီး လူမဆန်စွာ သတ်ဖြတ်ခံထားရကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ DLEPS က ဇူလိုင်လ ၂၃ ရက်နေ့တွင် ပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်စုံစမ်းခဲ့ပြီး မောင်တင်ဝင်း၊ မောင်ပုနှင့် ငလုံးတို့ကို ဖမ်းဆီးစစ်ဆေးခဲ့သည်။ စစ်ဆေးချက်များအရ မောင်တင်ဝင်းက မုဒိမ်းကျင့်သတ်ဖြတ်မှုကို ကျူးလွန်ခဲ့ကြောင်းနှင့် မောင်ပု၊ ငလုံးတို့က နှစ်နာသူအား

ခေါ်ဆောင်ခြင်းနှင့် လက်ထိပ်ခတ်ထားခြင်းတို့တွင် ပါဝင်ခဲ့ကြောင်း ဖော်ထုတ်ခဲ့သည်။ ထို့နောက် ဩဂုတ်လ ၅ ရက်နေ့တွင် စစ်တွေခရိုင်တရားရုံးက မောင်တင်ဝင်းကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ဂ) ဖြင့် သေဒဏ် ချမှတ်ခဲ့ပြီး မောင်ပုနှင့် ငလုံးတို့ကို ရာဇသတ်ကြီးပုဒ်မ ၃၆၄ ဖြင့် ထောင်ဒဏ် ၂၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။



အာရက္ခပြည်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ တန်းစွယ်ရွာ အနောက်ဖက်တောင်ခြီရင်း မြောင်စ၌ အမျိုးသမီးတဦး မုဒိမ်းကျင့်သတ်ဖြတ်ခံခရသောအမှုမှ တရားခံ (၃) ဦး (ဝဲမှယာ) မောင်သန်းစိုး(ခ)ငလုံး (၂၁ နှစ်)၊ မောင်တင်ဝင်း (၃၇ နှစ်)၊ မောင်အေးကျော် (ခ) မောင်ပု (၂၆ နှစ်) ရို့ကို တရားခွင်၌ တွိရစဉ်

(ရင်းမြစ်-အာရက္ခမှုခင်းနှင့်ဆက်စပ်သတင်းများထုတ်ပြန်ရေးအဖွဲ့)

### (၂၄) သံတွဲတွင် ၁၆ နှစ်အရွယ် မိန်းကလေးအား အဓမ္မပြုကျင့်ရန် ကြံစည်မှု ဖြစ်ပွား၊ ကျူးလွန်သူ အာမခံဖြင့် ပြန်လွတ်လာ

သံတွဲမြို့နယ်၊ ညောင်ပင်းကွင်းကျေးရွာတွင် အသက် ၁၆ နှစ်အရွယ် မိန်းကလေးတစ်ဦးကို အသက် ၂၈ နှစ်အရွယ် အိမ်ထောင်သည်အမျိုးသားတစ်ဦးက ချောင်းကမ်းစပ်သို့ အတင်းဆွဲခေါ်ကာ အဓမ္မပြုကျင့်ရန် ကြံစည်ခဲ့ကြောင်း သိရသည်။ အနီးအနားရှိသူများ မြင်တွေ့သဖြင့် ဝင်ရောက်လာချိန်တွင် ထွက်ပြေးသွားခဲ့ပြီး နစ်နာသူအား မိဘများထံ တိုင်ကြားပါက သတ်ပစ်မည်ဟုလည်း ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။ အဆိုပါ မိန်းကလေး၏ မိသားစုဝင်များက

ဒီလပ် (DLEPS) စခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သော်လည်း၊ သံတွဲခရိုင်တရားရုံးမှ တရားသူကြီးက အာမခံဖြင့်လွှတ်ပေးခဲ့ခြင်းကြောင့်၊ လွတ်မြောက်လာပြီးနောက် ထပ်မံရန်ပြုလာမည်ကို မိသားစုဝင်များ စိုးရိမ်နေကြပြီး ULA/AA တရားရေးဌာနအနေဖြင့် ထိရောက်စွာ အရေးယူပေးရန် တောင်းဆိုထားသည်။

## ၃။ တွေ့ရှိချက်များ

**၁။** ၂၀၂၅ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း အာရက္ခတပ်တော် ထိန်းချုပ်ဒေသများတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် မုဒိမ်းမှု၊ အုပ်စုဖွဲ့မုဒိမ်းမှု၊ မုဒိမ်းကျင့်ပြီး သတ်ဖြတ်မှုနှင့် အလောင်းဖျောက်ရန် ကြိုးပမ်းမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ဖော်ပြပါသတင်းများအရ လူသိရှင်ကြား မှတ်တမ်းတင်နိုင်သည့် ဖြစ်စဉ်အရေအတွက်မှာ ၁၆ ခုထက်မနည်းအထိ ရှိကြောင်း သတင်းရင်းမြစ်များက ဖော်ပြထားသည်။ ကျူးလွန်ခံရသူများတွင် အသက်မပြည့်သေးသည့် ကလေးငယ်များ၊ အမျိုးသမီးငယ်များမှ အသက်ကြီးအမျိုးသမီးများအထိ ပါဝင်နေပြီး အသက်အရွယ်အလိုက် သီးခြားကန့်သတ်ထားခြင်း မရှိကြောင်း တွေ့ရသည်။ အချို့ဖြစ်စဉ်များတွင် မသန်စွမ်းကလေးငယ်များနှင့် အသက်အလွန်ငယ်သည့် ကလေးများပါ ကျူးလွန်ခံရသူများအဖြစ် ပါဝင်သည်။

**၂။** လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတစ်ခုတည်းမဟုတ်ဘဲ ရိုက်နှက်ညှင်းပန်းခြင်း၊ ဓားဖြင့်ထိုးခြင်း၊ ကြိုးတုပ်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် အလောင်းဖျောက်ရန် ကြိုးပမ်းခြင်းတို့ပါ တွဲဖက်ဖြစ်ပေါ်ခဲ့သည်။ ယင်းက အချို့သော ပြစ်မှုများတွင် ကျူးလွန်သူများ၏ အကြမ်းဖက်မှုအဆင့် မြင့်မားနေသည်ကို ဖော်ပြသည်။ ပလက်ဝ၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ မောင်တော၊ သံတွဲ စသည့် ဒေသများမှ ဖြစ်စဉ်များကို သတင်းများတွင် ဖော်ပြထားပြီး ပြဿနာသည် ဒေသတစ်ခုတည်းတွင် ကန့်သတ်မနေဘဲ ရခိုင်ပြည်အတွင်း နေရာအနှံ့ တွေ့ရှိရသည့် လုံခြုံရေးပြဿနာတစ်ရပ် ဖြစ်လာနေသည်။

**၃။** အချို့ဖြစ်စဉ်များတွင် ULA/AA၏ သက်ဆိုင်ရာအဖွဲ့များက တရားခံဖမ်းဆီးခြင်း၊ အမှုဖွင့်ခြင်း၊ တရားစီရင်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းများ ပြုလုပ်ထားသည်။ ပလက်ဝဒေသတွင် AA တပ်ဖွဲ့ဝင်နှစ်ဦး ပါဝင်သည့်အမှု၌ သေဒဏ်၊ ပုဏ္ဏားကျွန်းအမှုတွင် သေဒဏ်နှင့် ထောင်ဒဏ်နှစ်ရှည်များ ချမှတ်ခဲ့ခြင်းတို့ကို တွေ့ရပြီး အရေးယူဆောင်ရွက်မှုများ ရှိနေကြောင်းတွေ့ရသော်လည်း အခြားကျန်ရှိနေသော အမှုများအတွက်လည်း ထိရောက်မှုရှိသည့် အရေးယူမှုကို အရေးတကြီး လိုအပ်နေသည်။

**၄။** သို့သော် ဖြစ်စဉ်အားလုံးတွင် အရေးယူမှုအခြေအနေ တူညီခြင်းမရှိဘဲ တရားခံမဖမ်းမိသေးခြင်း၊ တရားခံတိမ်းရှောင်နေခြင်း၊ ဖမ်းဆီးပြီးနောက် ပြန်လည်လွတ်မြောက်လာသည်ဟု ဒေသခံများက ပြောဆိုခြင်းနှင့် အမှု၏ နောက်ဆုံးတရားစီရင်မှုအခြေအနေကို မသိရှိရခြင်းများ ရှိနေသည်။ အထူးသဖြင့် ယခင်နှစ်များက လူထုစိတ်ဝင်စားခဲ့သည့် အမှုအချို့တွင် တရားစီရင်မှု

ပြုလုပ်ခဲ့သည်ဟု သိရသော်လည်း အယူခံအခြေအနေ၊ နောက်ဆုံးပြစ်ဒဏ်အကောင်အထည်ဖော်မှုနှင့် အမှု၏ နောက်ဆက်တွဲအခြေအနေများကို အများပြည်သူထံ ရှင်းလင်းစွာ မသိရှိရသည့် အခြေအနေ ရှိနေသည်။

**၅။** အမျိုးသမီးအရေး လှုပ်ရှားသူများနှင့် ဒေသခံများက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပေါ်နေခြင်း၊ တရားခံအချို့ လွတ်မြောက်နေခြင်းနှင့် တရားစီရင်မှုများ နှောင့်နှေးခြင်းတို့ကို ထောက်ပြပြီး ထိရောက်သော အရေးယူမှုနှင့် ပွင့်လင်းမြင်သာသော တရားစီရင်ရေး လိုအပ်ကြောင်း တောင်းဆိုထားကြသည်။ လက်တွေ့တွင်မူ တရားရေးလုပ်ငန်းစဉ်အပေါ် ပွင့်လင်းမြင်သာမှု၊ အမှုနောက်ဆုံးအခြေအနေ အသိပေးမှုနှင့် တရားစီရင်ရေးအဖွဲ့များ၏ တာဝန်ခံမှုတို့နှင့် ပတ်သက်၍ ဝေဖန်မှုများ ဆက်လက်ရှိနေသည်။

## ၄။ သုံးသပ်ချက်များ

ရက္ခိုင်အမျိုးသားအဖွဲ့ချုပ် နှင့် အာရက္ခပြည်သူ့တော်လှန်ရေးအစိုးရအောက်ရှိ နယ်မြေများတွင် အမျိုးသမီးများ နှင့် မိန်းကလေးငယ်များအား မုဒိမ်းကျင့်မှု၊ လိင်ပိုင်းဆိုင်ရာအရ အဓမ္မပြုကျင့်သတ်ဖြတ်မှုများ၊ အမြတ်ထုတ်စော်ကားမှုများကို ဒေသတွင်း သတင်းမီဒီယာများမှ ရံဖန်ရံခါ မြင်တွေ့ရလာပြီး၊ လူထုကြား၊ စောင့်ကြည့်လေ့လာသူများကြားတွင်လည်း ဝေဖန်ထောက်ပြမှုများ ကြီးမားလာခဲ့သည်။ ယခုလေ့လာချက်သည် ၂၀၂၄ ခုနှစ် စက်တင်ဘာလမှ ၂၀၂၆ ခုနှစ် ဩဂုတ်လအထိ (၁နှစ်နှင့် ၁၁လတာ ကာလအတွင်း) ဖြစ်ပေါ်တိုးတက်မှုများကို စုဆောင်းထားခြင်းဖြစ်သည်။

လိင်ပိုင်းဆိုင်ရာကိစ္စများ၏ သဘောသဘာဝနှင့် အာရက္ခလူ့အဖွဲ့အစည်း၏ အရှက်၊ အကြောက်ကို အခြေခံသော လူမှုယဉ်ကျေးမှုဆိုင်ရာ စိန်ခေါ်မှုများကြောင့် ဖြစ်စဉ်၊ ဖြစ်ရပ်များမှာ မီဒီယာများမှ ဖော်ထုတ်တင်ပြသည်ထက်လည်း ပိုမိုများပြားနိုင်ပေသည်။ ဆိုလိုသည်မှာ အသက် (၂၅) နှစ်အရွယ် မောင်ဇော်ဇော်နိုင် (ခ) လဖြူချေ သည် မြောက်ဦးနှင့် ပုဏ္ဏားကျွန်းမြို့နယ်များအတွင်း ၂၀၂၄-၂၅ နှစ်အတွင်း အမျိုးသမီး (၁၁) ဦးအား အဓမ္မပြုကျင့်ခဲ့သော်လည်း နောက်ပိုင်းကာလတွင်မှ အမှုမှန်ကို လူသိများလာခြင်းဖြစ်သည်။

အာရက္ခဒေသတွင်း ယခုကဲ့သို့ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်များ ထပ်ခါတလဲလဲပေါ်ပေါက်လာခြင်းသည် အုပ်ချုပ်ရေးနှင့် တရားရေးစနစ်များတွင် အဓိက တာဝန်ရှိသော်လည်း ဖြေရှင်းချဉ်းကပ်နည်းများမှာ ယခုထက်ပို၍ ကျယ်ပြန့်နိုင်ပေသည်။ အဓိကအားဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မဖြစ်ပေါ်ခင် ကြိုတင်ကာကွယ်တားဆီးခြင်း (prevention)၊ လျှော့ချခြင်း (reduction) နှင့် ဖြစ်ပွားပြီးနောက် ထိရောက်စွာ အရေးယူကိုင်တွယ်ခြင်း (effective enforcement and punishment) ဟူ၍ နှစ်ပိုင်း ခွဲနိုင်ပြီး၊ အစိုးရအပါအဝင် အသိုင်းအဝိုင်းခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူများနှင့် မီဒီယာများမှလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ရန် အရေးကြီးပေသည်။

ယေဘုယျအားဖြင့် မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများဖြစ်ပေါ်ရခြင်းမှာ အကြောင်းအရင်း တစ်ခုတည်းကြောင်းမဟုတ်ဘဲ လွဲမှားသော လူမှုယဉ်ကျေးမှုဆိုင်ရာ စံနှုန်းများ၊ လူမှုစီးပွါးရေးနှင့် လူ့အလွှာကွာဟချက်များ၊ ပတ်ဝန်းကျင်အနေအထားနှင့် ကျူးလွန်သူတယောက်ချင်းစီ၏ မတူညီသော လှုံ့ဆော်မှုများကြောင်းလည်း ပါဝင်သည်။ တဖက်တွင် နေရာ၊ ဒေသတစ်ခုစီအလိုက် အာရက္ခပြည်ကဲ့သို့ ပဋိပက္ခနှင့် မတည်မငြိမ်မှုများ၊ လူမှုစီးပွါးအကျပ်အတည်းများအောက်တွင်လည်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ လွယ်ကူစွာဖြင့် သားကောင်များဖြစ်သွားနိုင်ပေသည်။

ပို၍အရေးကြီးသည်မှာ ထိုကဲ့သို့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်သူများကို လူ့အသိုင်းအဝိုင်းတစ်ခုလုံးအပါအဝင် အစိုးရအာဏာပိုင်းများမှလည်း သာမန်လူမှုရေးပြစ်မှုတစ်ခုထက် ပြတ်သားသည့် ဥပဒေနည်းလမ်းများဖြင့် တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိရှိဖြင့် ထိရောက်စွာ အရေးယူခြင်းဖြစ်သည်။ မှုခင်းဖြစ်စဉ်များနှင့် တရားစီရင်ချက်များကို သင့်တင့်သည့် အချိန်အတွင်း ထိရောက်သည့် ပြစ်ဒဏ်ချမှတ်ခြင်းများကို ပုံမှန်နှင့် ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်သင့်သည်။ သို့မှသာလျှင် နောက်နောင် ဖြစ်ပေါ်လာနိုင်မည့် ကျူးလွန်သူများအတွက် ကြိုတင်သတိပေးဟန့်တားခြင်းမျိုး ဖြစ်နိုင်ပြီး၊ အာရက္ခဒေသရှိ အမျိုးသမီးများ၏ လုံခြုံရေးနှင့် ဂုဏ်သိက္ခာကို ထိရောက်စွာ ကာကွယ်ရာလည်း ရောက်နိုင်ပေသည်။

**အာရက္ခလေ့လာရေးစင်တာအကြောင်း**

အာရက္ခလေ့လာရေးစင်တာသည် ဂျာနယ်လစ်များ၊ နိုင်ငံရေးလေ့လာသုံးသပ်သူများ၊ သုတေသီများနှင့် လူမှုရေးလုပ်သားများ မှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွဲ့စည်းတည်ထောင်ထားသော လွတ်လပ်ပြီး ပါတီစွဲမဟုတ်သော သုတေသနအဖွဲ့အစည်း တစ်ခုဖြစ်သည်။ စင်တာသည် ရက္ခိုင်ပြည်ရှိ လူ့အခွင့်အရေးအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ အရွေ့များအပြင် မြန်မာနိုင်ငံနှင့် ပြင်ပမှ ရက္ခိုင်အရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များကို တိကျသေချာစွာ သုတေသနစာတမ်းများ ထုတ်ဝေခြင်းဖြင့် ရက္ခိုင်အရေးနားလည်မှုများကို မြှင့်တင်ပေးရန် ရည်ရွယ်ပါသည်။ စင်တာသည် ရက္ခိုင့်အရေးနှင့်ဆက်စပ်သည့် အကြောင်းအရာများ၏ မူဝါဒအကျဉ်းချုပ်ရေးသားချက်များနှင့်အတူ လစဉ်အစီရင်ခံစာများကို ၎င်း၏ဝဘ်ဆိုဒ်နှင့် အမျိုးမျိုးသော စာစောင်များမှတဆင့် ထုတ်ဝေပါသည်။

© ၂၀၂၆ အာရက္ခပြည်။

ဆက်သွယ်ရန် – info@arakanstudies.org၊ www.arakanstudies.org